မင်းမြတ်သူရ



မြင်းရည်တက် သူရဲကောင်း

အခန်း (၁)

နယ်မြို့ လေးတစ်မြို့ ရှိ တန်ခိုးကြီးဘုရားတစ်ဆူတွင် ဘုရားဖူးများ ဖြင့် စည်စည်ကားကားရှိ နေ၏ ။ ဘုရားတစ်ဆူတွင် ဘုရားဖူးများ ဖြင့် စည်စည်ကားကားရှိနေ၏ ။ ဘုရားစောင်းတန်းရှိပန်း သည်လေးများ သည်လည်း တစ်ဦးနှင့် တစ်ဦး အသံစာစာဖြင့် အပြိုင်အဆိုင် ရောင း ချနေလေ၏ ။

ပန်းသည်လေးများ သည် သွက်လက်ချက်ချာကြသော် လည်း အားလုံးထဲတွင် မစိန်ပွင့်ဆို သော မိန်းကလေးသည် အသွက်ဆုံး ဖြစ်၏ ။

သူမသည် ဘုရားဖူးများ ကို အသံစာစာကလေးဖြင့် ဖိတ်ခေါ်ရင်း ပန်းများ ရောင်းရအောင် ရေပက်မဝင် ပြောဆိုလေ၏ ။ သူမ၏ နှုတ်မှာ အလွန်ချိုပြီး ချစ်စဖွယ်ကောင်းသော မျက်နှာပေးရှိသ ဖြင့် ပန်းသည်များ အားလုံးတွင် သူမအရောင်းရဆုံး ဖြစ်၏ ။

ထို့ကြောင့် ပင် ပန်းသည်အချင်းချင်း သူမကို မနာလို ဖြစ်ကြရ၏ ။ ယနေ့လည်း ဘုရားဖူးများ စုပြုံကျရောက်လာသဖြင့် မစိန်ပွင့်သည် ဘုရားစောင်းတန်းအထက်အောက် စုန်ဆန်ပြေးလွှားရင်း ပန်းများ ရောင်းရအောင် ကြိုး စားနေလေ၏ ။

ထိုအခိုက်မှာ ပင် ဘုရားစောင်းတန်းသို့ မိန်းမပျိုတစ်ဦး ပြေးလွှားရောက်ရှိလာပြီး...

“မစိန်ပွင့်...မစိန်ပွင့်၊ အိမ်မှာ အမေကြီး အသည်းအသန် ဖြစ်နေပြီ”

ဟု ပြောဆိုလေ၏ ။ မစိန်ပွင့်သည် မိန်းမပျို၏ စကားကြောင့် လက်ထဲရှိ ပန်းများ လွတ်ကျ သွားပြီး စိတ်လှုပ်ရှားဟန်ဖြင့်၊

“ဘာ...အမေအသည်းအသန် ဖြစ်နေတယ် ဟုတ်လား၊ ဘယ်တုန်းက ဖြစ်တာလဲ”

ဟု မေးမြန်းလေ၏ ။ ထိုအခါမိန်းမပျိုက

“သွေးဆေးသောက်ရင်း အမောဖောက်ပြီး ပစ်လဲသွားတာပဲ”

ဟုပြောလေ၏ ။

မစိန်ပွင့်သည် မိန်းမပျို၏ စကားဆုံးသည်နှင့် သူမ၏ အိမ်ကလေးရှိရာသို့ ခြေကုန်သုတ်၍ ပြေးထွက်သွားလေ၏ ။ သူမ၏ အိမ်ကလေးသည် မြို့ စွန်ရှိ ဆင်းရဲသားများ နေထိုင်သော ရပ်ကွက်၌ ရှိ၏ ။

မစိန်ပွင့် အိမ်ရှေ့သို့ ရောက်သော အခါ လူအများ ဝိုင်းအုံနေသော အမေကြီးကို တွေ့ရှိရ၏ ။ မစိန်ပွင့်သည် လူအများ ကြားမှတိုးဝင်၍ မိခင်၏ အနီး၌ စိုးရိမ်ကြီးစွာ ဖြင့် ဒူးထောက်ထိုင်ချကာ...

“အမေ...အမေ..”

ဟု အော်ဟစ်လိုက်လေ၏ ။

မိခင် ဖြစ်သူမှာ သတိပြန်လည်ဟန်မရှိဘဲ အသက်အန္တရာယ်အတွက် အလွန်စိုးရိမ်ရသော အခြေအနေတွင် ရှိနေ၏ ။

မစိန်ပွင့်သည် မိခင် ဖြစ်သူကိုတစ်လှည့်၊ အနီးတွင် ဝိုင်းအုံနေသော လူများ ကိုတစ်လှည့် ကြည့်ကာ..

“အမေ့ကို ခေါ်လို့လဲမရတော့ဘူး၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ ဆင်းရဲသားအဖိုးကြီး တစ်ယောက် က ဝင်ရောက်၍

“ဆေးဆရာကြီး ဦးလောဘကို ခေါ်ရုံကလွဲပြီး တို့ဘာများ တတ်နိုင်ဦးမှာ လဲ”

ဟုပြောလေ၏ ။ မစိန်ပွင့်သည် အဖိုးကြီး၏ စကားကြောင့် ...

“ဦးလောဘ...ဦးလောဘ”

ဟု တီးတိုးရေရွတ်နေလေ၏ ။

ဦးလောဘသည် ဆေးသမားတော် ကြီးတစ်ဦး ဖြစ်သော် လည်း နာမည် နှင့်လိုက်အောင်ပင် လောဘရမ္မက်ကြီးလှ၏ ။

ဦးလောဘသည် ဆင်းရဲသားများ ၏ အိမ်သို့ လိုက်၍ ဆေးကုသပေးခြင်းမရှိဘဲ ချမ်းသာသော အိမ်များ ကိုသာလိုက်၍ ဆေးကုသပေးသူ ဖြစ်၏ ။

ဆေးဖိုးဝါးခများ ကိုလည်း မတန်တဆ တောင်းဆိုတတ်၏ ။ မစိန်ပွင့်သည် လေလုမြောပါး ဖြစ်နေသော မိခင်ကိုကြည့်၍ စိုးရိမ်ကြီးစွာ ဖြင့်..

“ဒီလောက်လောဘကြီးနေတဲ့ လူကြီးဟာ ကျွန်မတို့အိမ်ကိုလိုက်ပါ့မလား၊ ဘာပဲ ဖြစ် ဖြစ် အမေ့အတွက် သိပ်အရေး ကြီးနေပြီ၊ ဦးလောဘကြီးကို ကျွန်မ မရရအောင်ပင့်ရမှာ ပဲ”

ဟု ပြောဆိုရင်း ဝိုင်းအုံကြည့်ရှုနေသူများ ကို တိုးဝှေ့ကာ အိမ်ထဲမှ ထွက်ခွာသွားလေ၏ ။

ဆေးဆရာကြီး ဦးလောဘ၏ အိမ်သည် သူတို့နှင့် မလှမ်းမကမ်းတွင် ရှိသော ကျွန်းအိမ်မည် း ကြီး ဖြစ်၏ ။ မစိန်ပွင့်သည် ဦးလောဘ၏ ခြံတံခါးကို ဝုန်းခနဲ တွန်းဖွင့်လိုက်ပြီး အိမ်ပေါ်သို့ လျှောက်မြန်စွာ ပြေးတက်သွားလေ၏ ။

ထိုအချိန်တွင် ဦးလောဘသည် လွန်စွာ ရှေးကျသော ကွမ်းအစ်ကြီးရှေ့တွင် ထိုင်၍ ကွမ်း တစ်ယာကို ယာစားနေ၏ ။

ဦးလောဘသည် တဒုန်းဒုန်း တဒိုင်းဒိုင်းဖြင့် အိမ်ပေါ်သို့ ပြေးတက်လာသော မစိန်ပွင့်၏ ခြေသံကြောင့် လက်ထဲရှိ ကွမ်းယာလွတ်ကျသွားပြီး..

“ဟဲ...ကလေးမ၊ ဘာလို့ကမ္ဘာပျက်လုမတတ် ပြေးလာရတာ လဲ...”

ဟု မေးမြန်းလေ၏ ။ ထိုအခါ မစိန်ပွင့်က ဆေးဆရာကြီး၏ မျက်နှာကို ကြည့်ရှုလိုက်ပြီး..

“ကျွန်မအမေ အသည်းအသန် ဖြစ်နေလို့ပါ ဆရာကြီးရယ်၊ ဒါကြောင့်

ဆရာကြီးဆီကို ပြေး လာခဲ့ရတာ ပါ၊ ကျွန်မရဲ့ ခြေသံကြောင့် ဆရာကြီးလန့်သွားခဲ့ရင် တောင်းပန်ပါတယ်”

ဟုပြောလေ၏ ။ ထိုအခါ ဦးလောဘက မစိန်ပွင့်၏ ဆင်းရဲနွမ်းပါးသော အဝတ်အစားများ ကို ကြည့်၍ မျက်နှာရုံ့မဲ့လိုက်ပြီး..

“နေပါဦးမင်းက ဆရာလာပင့်ရအောင် ငါ့ရဲ့ ခြေကြွခကို ပေးနိုင်လို့လား၊ ငါဖော်ပေးမဲ့ ဆေး တစ်ဖုံအတွက် အခကြေးငွေရောပေးနိုင်လို့လား”

ဟု အထင်သေးဟန်ဖြင့် မေးမြန်းလေ၏ ။

ထိုအခါ မစိန်ပွင့်က ဦးလောဘ၏ ခြေသလုံးကိုကိုင်၍ စိုးရိမ်တကြီးဖြင့် ..

“ဆရာကြီးရဲ့ မြေကြွခကို အခုမပေးနိုင်ပေမဲ့ မရရအောင်ရှာဖွေပြီး နောက်လာပေးပါ့မယ်၊ ဆေးဖော်ခအတွက်လည်း အဲဒီ လိုပါပဲ၊ အမေ့ကို အမြန်ဆုံးလိုက်ပြီး ကြည့်ရှုပေးပါရှင်”

ဟု တောင်းပန်လေ၏ ။ ထိုအခါ ဆေးဆရာကြီးက သူ၏ ခြေသလုံးကိုကိုင်ထားသော မစိန် ပွင့်၏ လက်မှ ရုန်းထွက်လိုက်ပြီး..

“မ ဖြစ်နိုင်တာမပြောနဲ့ ကလေးမ၊ လောဘရဲ့ ရာဇဝင်မှာ ဆေးကုသတဲ့ငွေကို အကြွေးထား ရှိး ထုံးစံမရှိဘူး၊ ငွေအသပြာမပါရင်တော့ လာလမ်းအတိုင်း ပြန်ပေတော့”

ဟု မောင်းထုတ်လေ၏ ။

ထိုအခါ မစိန်ပွင့်သည် သေလုမြောပါး ဖြစ်နေသော မိခင်ကြီးအတွက် အလွန်စိုးရိမ်သွားပြီး သူ၏ လက်သူကြွယ်တွင် စွပ်ထားသော ငွေလက်စွပ်ကလေးကို ဖြုတ်ကာ ဆရာကြီးဆီသို့ ကမ်းပေး လိုက်ရင်း..

“ဟော့ဒီလက်စွပ်ကလေးကိုပဲ ဆေးဖိုးဝါးခအ ဖြစ်ယူပါ ဆရာကြီးရယ်”

ဟု ပြောလိုက်လေ၏ ။ ဆေးဆရာကြီးသည် မစိန်ပွင့်၏ ငွေလက်စွပ်ကလေးကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး..

“ငွေလက်စွပ် အစုတ်ပလုတ်ကိုယူပြီး ကျွပ်ဘာလုပ်ရမှာ လဲ၊ဒီမှာ မိန်းကလေး၊ မင်းအမေရဲ့ ရောဂါ ကို သက်သာချင်ရင်တော့ အမြန်ဆုံး ငွေအသပြာသာ ရှာခဲ့ပါ။ အသပြာမပါရင်တော့ ငါ့ရဲ့ အိမ်က ဆင်းပေတော့”

ဟု မောင်းထုတ်လိုက်လေ၏ ။

မစိန်ပွင့်သည် လောဘရမ္မက်ကြီးလှသော ဆေးဆရာကြီးအား အသပြာမရှိလျှင် ပင့်ဆောင် ၍ မရနိုင်ဟု ရိပ်စားမိသွားပြီး ဆေးဖိုးဝါးခငွေ ရှာဖွေရန် ဆေးဆရာကြီး၏ အိမ်ပေါ်မှ ကမန်းကတန်း ဆင်းခဲ့လေ၏ ။

သူမသည် ဆေးဆရာကြီးအိမ်မှ ဆင်းပြေးလာရင်း ငွေရရှိမည့် နည်းလမ်းကို စဉ်းစားလေ၊ သူမ၏ အပေါင်းအသင်းများ မှာ လည်း ဆင်းရဲနွမ်းပါးသူများ ဖြစ်သဖြင့် သူမကို ကူညီထောက်ပံ့ပေး ရန် မ ဖြစ်နိုင်ပေ။

သူမသည် ငွေရရှိရန် နည်းလမ်းကို စဉ်းစားရင်း မောင်မောင်ကြီး ဆိုသူ၏ မျက်နှာကို မြင် ယောင်လာလေ၏ ။

ထို့ကြောင့် လမ်းမပေါ်တွင် ပြေးလွှားရင်း ကူလီ တစ်ယောက် ရှေ့တွင် ရပ်၍

“ဒီအချိန် မောင်မောင်ကြီး ဘယ်မှာ ရှိလဲ”

ဟု မေးမြန်းလေ၏ ။ ကူလီသည် သူမ၏ အမေးကြောင့် အံ့သြဟန်ဖြင့် ..

“ဒီ မှာ မိန်းကလေး၊ မောင်မောင်ကြီးကိုတွေ့ရင် ဘာလုပ်ဖို့မေးတာလဲ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ မစိန်ပွင့်က ကူလီကို စိတ်မရှည်ဟန်ဖြင့် ..

“ဘာလုပ်ဖို့မေးရမှာ လဲ၊ ပိုက်ဆံချေးဖို့မေးရတာ ပေါ့”

ဟု ပြောလေ၏ ။ ထိုအခါ ကူလီက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍ ..

“ပိုက်ဆံချေးချင်ရင်တော့ ဒီအချိန် မောင်မောင်ကြီးဟာ မြို့ ပြင်ထန်းတောမှာ ရှိတတ်တယ်၊ မင်းတွေ့ချင်ရင် လိုက်သွားပေတော့ မိန်းကလေး”

ဟုပြောလေ၏ ။

မစိန်ပွင့်သည် ကူလီ၏ စကားဆုံးသည်နှင့် မြို့ ပြင်သို့ ထွက်ခဲ့လေတော့၏ ။ သူမသည် ပြေးလွှားရသဖြင့် မောပန်းလွန်း၍ ရင်တစ်ခုလုံး ပေါက်ကွဲမတတ် ဖြစ်နေသော လည်း မောင်မောင် ကြီးနှင့် တွေ့ဆုံရန် အရေး ကြီးနေသဖြင့် မြို့ ပြင်သို့ ခွန်အားရှိသမျှ ပြေးလွှားသွားလေ၏ ။

မိန်းကလေးတန်မဲ့ ပြေးလွှားနေသဖြင့် မြို့ သူမြို့ သားများ သည် မစိန်ပွင့်ကို အံ့သြဟန်ဖြင့် ကြည့်ရှုနေလေ၏ ။ သူမသည် မည် သူ့ကိုမှ မရှက်အားဘဲ ထန်းတောသို့ သာရောက်အောင် ပြေး လွှားခဲ့လေ၏ ။

မြို့ ပြင်ထန်းတောသို့ ရောက်သော အခါ မောပန်းလွန်းသဖြင့် ထန်းပင်ကြီးတစ်ပင်ကို လက် ဖြင့် ထောက်ကာ ခဏမျှ အမောအပန်းဖြေလေ၏ ။

သူမသည်တစ်သက်နှင့် တစ်ကိုယ် ထန်းတောကို ပထမအကြိမ် ရောက်ဖူးခြင်း ဖြစ်၏ ။ မစိန် ပွင့်သည် ထန်းတောထဲတွင် မျက်စိကစားလိုက်ရာ ထန်းတောတစ်နေရာတွင် လွန်စွာ လှပသော ဒေါက်ကပ်ရထားကြီးကို တွေ့ ရလေ၏ ။

ထိုမြင်းရထားကြီးသည် မောင်မောင်ကြီး၏ စီးတော် ယာဉ်ပင် ဖြစ်တော့၏ ။ မစိန်ပွင့်သည် မြင်းရထားကြီးရှိရာသို့ ပြေးထွက်ခဲ့လေ၏ ။

မြင်းရထားအနီးသို့ ရောက်သော အခါ တပည့်တပန်းများ ခြံရံ၍ ထန်းရည်သောက်နေသော မောင်မောင်ကြီးကို တွေ့ ရ၏ ။

မောင်မောင်ကြီး ထိုင်သော ထန်းလက်ကုလားထိုင်ကို ကတ္တီပါကော်ဇောခင်းထားပြီး မောင် မောင်ကြီးသည် ထန်းလက်စားပွဲပေါ်သို့ ခြေတစ်ချောင်းတင်ထား၏ ။

မောင်မောင်ကြီး၏ လက်ထဲတွင် ထန်းရည်ကျည်တောက်နှင့် ကြက်ပေါင်ကိုကိုင်ထား၏ ။ မောင်မောင်ကြီးသည် ကြက်ပေါင်ကို တစ်ကိုက်ကိုက်လိုက်ပြီး

ကျည်တောက်ထဲရှိ ထန်းရည်ကို မော့သောက်လိုက်၏ ။

မောင်မောင်ကြီးသည် ထန်းတောတစ်နေရာတွင် ရပ်၍ မိမိကိုကြည့်ရှုနေသော မိန်းမပျိုလေး ကို မြင်လိုက်ရ၏ ။ မိန်းမပျိုကိုကြည့်၍ မောင်မောင်ကြီးသည် သူ၏ တပည့်တစ်ဦးအား..

“ဟိုမှာ မိန်းကလေး တစ်ယောက် ဒီကိုခေါ်ခဲ့စမ်း”

ဟု အမိန့်ပေးလိုက် ၏ ။

မစိန်ပွင့်သည် မောင်မောင်ကြီး၏ တပည့်ခေါ်ရာသို့ လိုက်ခဲ့ပြီး မောင်မောင်ကြီး၏ ရှေ့သို့ ရောက်သွား၏ ။

မောင်မောင်ကြီးသည် မစိန်ပွင့်၏ တစ်ရစ်သော ကိုယ်ခန္ဓာကို မျက်လုံးဝေ့ကြည့်၍ ..

“ဘာကိစ္စလဲ မိန်းကလေး”

ဟု မေးမြန်းလိုက်လေ၏ ။

ထိုအခါ မစိန်ပွင့်ကမောင်မောင်ကြီးကို မျက်လုံးချင်းဆုံအောင်ကြည့်လိုက်ပြီး..

“ကျွန်မအမေ အသည်းအသန် ဖြစ်နေလို့ ဆေးကုဖို့ ပိုက်ဆံချေးချင်လို့ပါ”

ဟုပြောလိုက်လေ၏ ။ ထိုအခါမောင်မောင်ကြီးက ခေါင်းညိတ်၍ ..

“ပိုက်ဆံချေးချင်လဲ ချေးရတာ ပေါ့၊ ကျုပ်ရဲ့ အလုပ်က လူတွေ ကိုပိုက်ဆံချေးပြီး အတိုးယူ ရတဲ့အလုပ်ပဲ၊ ကဲ..ပိုက်ဆံချေးချင်ရင် မိန်းကလေးက အပေါင်ဘာထားမှာ လဲ”

ဟု မေးလိုက်လေ၏ ။

မောင်မောင်ကြီး၏ အမေးကြောင့် မစိန်ပွင့်၏ နှုတ်မှစွန့်အသွားပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့် .

“ကျွန်မ...မှအပေါင်ထားစရာ ဘာပစ္စည်းမှမရှိပါဘူးရှင်”

ဟု ပြောလိုက်လေ၏ ။ မစိန်ပွင့်၏ စကားကြောင့် မောင်မောင်ကြီးက ခေါင်းခါယမ်းလိုက်ပြီး.

“ဒါဆိုရင် မ ဖြစ်နိုင်ဘူးမိန်းကလေး၊ ကျွန်ုပ်ဟာအပေါင်ပစ္စည်းမရှိပဲ ငွေချေးလေ့မရှိဘူး၊ ဒါကြောင့် လာလမ်းအတိုင်းပြန်ပေတော့”

ဟုမောင်းထုတ်လိုက်လေ၏ ။

ထိုအခါ မစိန်ပွင့်က မောင်မောင်ကြီး၏ မျက်နှာကိုအသနားခံဟန်ဖြင့် ကြည့်၍ ...

“ဒီလိုတော့မလုပ်ပါနဲ့ရှင်၊ ကျွန်မအမေအတွက် သေရေး ရှင်ရေး အရေး ကြီးနေလို့ပါ၊ ဒီတစ် ကြိမ်တော့အပေါင်ပစ္စည်းမပါဘဲ ကျွန်မကိုပိုက်ဆံချေးပေးပါ”

ဟုတောင်းပန်လိုက်လေ၏ ။ မောင်မောင်ကြီးသည် မိန်းမပျို၏ စကားကို နားဝင်ဟန်မရှိဘဲ..

“ဒါတော့သည်းခံပါ မိန်းကလေး၊ ပစ္စည်းမပါဘဲ ပိုက်ဆံမချေးဘူးဆိုတာ ကျုပ်ရဲ့ စည်းကမ်း ပဲ၊ ကျုပ်ရဲ့ စည်းကမ်းကိုကျုပ် ဘယ်တော့မှ မဖောက်နိုင်ဘူး၊ လောကမှာ စည်းကမ်းရှိဖို့ သိပ်အရေး ကြီးတယ်လို့ ပညာရှိကဝိတွေ ကဆိုခဲ့ကြတယ်၊ ဒီထက်ပိုပြီးအရေး ကြီးတာက ကိုယ်ထုတ်တဲ့စည်း ကမ်းကို ကိုယ်လိုက်နာဖို့ပဲ”

ဟု ပြောလိုက်လေ၏ ။

မစိန်ပွင့်သည် မိခင်၏ အသက်အန္တရာယ်ကို စိုးရိမ်စိတ်ဖြင့် မိခင်ကြီးအတွက် သူမ၏ ဘဝနှင့် လဲလှယ်ရန်ပင်ဆုံးဖြတ်လိုက်ပြီး..

“ဒီတစ်ကြိမ်တော့ ကျွန်မလိုချင်တဲ့ပိုက်ဆံကို ချေးပေးပါရှင်၊ အဲဒီ အကြွေးကို ကျွန်မကျွန်ခံ ပြီးဆပ်ပါ့မယ်”

ဟု တောင်းပန်လေ၏ ။ မစိန်ပွင့်၏ စကားကြောင့် မောင်မောင်ကြီးက သူမ၏ တစ်ရစ်သော ကိုယ်ခန္ဓာကို မျက်လုံးဝေ့ကြည့်လိုက်ပြီး..

“ငါတို့အိမ်မှာ အိမ်စေမိန်းကလေးတွေ အများ ကြီးရှိတယ်ကွဲ့၊ ဒီလိုအိမ်မျိုး

ကြီးမှာ မင်းက လိုက်ပြီးကျွန်ခံဦးမလို့လား၊ ဒီလိုအလုပ်မျိုး ကအပြောနဲ့တင်မရဘူးနော်၊
အလုပ်နဲ့သက်သေပြရမဲ့ အလုပ်မျိုး ကွဲ့၊ ပိုက်ဆံချေးတုန်း ကတော့
ကျွန်ခံပြီးဆပ်မယ်လို့ပြောတယ်၊ တကယ်တမ်းကျွန်ခံရမဲ့ အခါကြတော့ နောက်တွန့်နေလို့မ
ဖြစ်ဘူး”

ဟုပြောလေ၏ ။ ထိုအခါမစိန်ပွင့်က အံကိုကြိတ်၍ ..

“ကျွန်မက ဆင်းရဲနွမ်းပါးပေမဲ့ ကတိတည်ပါတယ်၊
အမေ့အတွက်လိုအပ်တဲ့ငွေကိုသာ ခဏချေးပါ၊ ရှင်တို့ဆီမှာ ကျွန်မကျွန်ခံပြီးဆပ်ပါ့မယ်”

ဟုပြောလေ၏ ။

မစိန်ပွင့်၏ စကားကြောင့် မောင်မောင်ကြီးက
ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး..

“ကောင်းပြီလေ၊ မင်းကတိတည်ဖို့သာကြိုး စားပေတော့၊ ကဲ
အခုမင်းပိုက်ဆံဘယ်လောက် လိုချင်လို့လဲ”

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါမစိန်ပွင့်က မရဲတရဲဖြင့် ..

“ငွေတစ်ဆယ်လောက်လိုချင်ပါတယ်”

ဟု တောင်းခံလိုက်လေ၏ ။ ထိုအခါမောင်မောင်ကြီးက ..

“သြော် ပိုက်ဆံတစ်ဆယ်တည်းလိုချင်တာကိုး၊ကောင်းပြီ၊
မင်းလိုချင်တဲ့ပိုက်ဆံတစ်ဆယ် ငါပေးလိုက် မယ်၊ ဒီအတွက်မင်းအိမ်မှာ သုံးနှစ်
တိတိကျွန်ခံရမယ်”

ဟု ပြောလိုက်ရာ မစိန်ပွင့်က ကမန်းကတန်းခေါင်းညိတ်၍ ..

“ဟုတ်ကဲ့ ကျွန်မသဘောတူပါတယ်”

ဟု ပြောလိုက်လေ၏ ။ ထိုအခါ မောင်မောင်ကြီးက အနီးတွင် ရပ်နေသော

တပည့်တစ်ဦး အား၊ လက်ဟန်ခြေဟန်ဖြင့် ပြောလိုက်ရာ တပည့် ဖြစ်သူသည်
ပိုက်ဆံအိပ်ဖောင်းဖောင်းကြီးကို အနီး သို့ ယူဆောင်လာ၏ ။

ထိုအခါမောင်မောင်ကြီးသည် အိပ်ထဲမှ ပိုက်ဆံကိုထုတ်လိုက်ပြီး
မိန်းကလေးလက်သို့ ကမ်းပေးကာ..

“ဟော့ဒီမှာ မင်းလိုချင်တဲ့ပိုက်ဆံတစ်ဆယ်၊ ကတိတည်ဖို့သာကြိုး စားပေတော့”

ဟု ပြောလိုက်လေ၏ ။ မစိန်ပွင့်သည်မောင်မောင်ကြီးလက်မှ ပိုက်ဆံကို
ဆတ်ခနဲ ဆွဲယူကာ ထန်းတောမှ လျှိုမြန်စွာ ထွက်ခဲ့လေ၏ ။ သူမသည်ဆေးဆရာကြီးအိမ်သို့
အမောတကောပြေး တက်သွားပြီး ဆေးဆရာကြီးကို လက်ထဲရှိငွေအသပြာကိုပြကာ ..

“ဟောဒီမှာ ပိုက်ဆံရာလာပါတယ်ဆရာကြီး၊
ကျွန်မအမေကိုလိုက်ပြီးကုသပေးပါ”

ဟု တောင်းဆိုလိုက်လေ၏ ။ ဆေးဆရာကြီးက သူမ၏ ငွေကိုကြည့်၍
ခေါင်းညိတ်လိုက်ပြီး..

“အေး ဒါဆိုရင်တော့ မင်းရွှေ့ကသွားနှင့် ၊ ငါနောက်ကလိုက်ခဲ့မယ်”

ဟု ပြောလျက်၊ မစိန်ပွင့်ကို ဦးစွာ လွှတ်လိုက်လေ၏
မစိန်ပွင့်ကဆေးဆရာကြီးကို စိတ်မချဟန်ဖြင့် ကြည့်၍ ..

“အမေ့အသက်အန္တရာယ်အတွက် စိုးရိမ်နေလို့ပါဆရာကြီးရယ်၊
မြန်မြန်လိုက်ခဲ့ပေးပါ”

ဟု တောင်းပန်လိုက်လေ၏ ။

ဆေးဆရာကြီးသည် ဆေးအိတ်ကြီးကိုလွယ်၍ ကွမ်းအစ်ကြီးကိုပိုက်ကာ သူ၏
ပုဆိုးကို မကာ ရထားလုံးပေါ်သို့ တက်လိုက်၏ ။

ဆေးဆရာကြီး၏ တပည့်ကနောက်မှလိုက်၍ တက်လေ၏ ။ မစိန်ပွင့်သည်
ရထားလုံးရှိရာသို့ ပြေးတက်၍ သူမ၏ အိမ်ရှိရာသို့ လမ်းပြသွားလေ၏ ။

ဆေးဆရာကြီးသည် အိမ်သို့ ရောက်သော အခါ မိခင် ဖြစ်သူကို စမ်းသပ်ကြည့်ရှုလိုက်ပြီး မျက်မှော င်ကြုတ်၍ ခေါင်းခါယမ်းကာ..

“မရတော့ဘူး မိန်းကလေး၊ ကျုပ်မပြောနဲ့သိကြားမင်း ဆင်းကုတာတောင် မင်းအမေရဲ့ ရောဂါ ဝေဒနာမသက်သာနိုင်တော့ဘူး၊ ဒါကြောင့် ကျုပ်အတွက် ခြေကြွေခငါးကျပ်ကိုသာပေးပါ တော့”

ဟုပြောကာ သူ၏ ခြေကြွေခကိုမရမကတောင်းလေ၏ ။ မစိန်ပွင့်သည် မိခင် ဖြစ်သူအတွက် မျှော်လင့်ချက်မရှိဟူ သိလိုက်ရသဖြင့် ချုံးပွဲချ၍ ငိုကြွေးလိုက်၏ ။ ဆေးဆရာကြီးငွေငါးကျပ်ကို အရယူ၍ မစိန်ပွင့်အိမ်မှထွက်ခွာသွားပြီ ဖြစ်၏ ။

*

မစိန်ပွင့်၏ မိခင်သည်အသက်ပြန်လည်မလားတော့ဘဲ ညဦးပိုင်းတွင် သေဆုံးသွားလေ၏ ။ မစိန်ပွင့်သည် ဝမ်းနည်းလွန်းလှသဖြင့် မိခင် ဖြစ်သူ၏ အနီးတွင် ငိုကြွေးနေလေ၏ ။

မိခင်သည်လူ့လောကအလယ်တွင် မိမိအားတစ်ဦးတည်း ထားရစ်ခဲ့လေပြီ။ မစိန်ပွင့်သည် ဆေးဆရာကြီးအား ခြေကြွေခငါးကျပ်ပေးလိုက် ရသဖြင့် ငွေငါးကျပ်သာကျန်တော့၏ ။

မစိန်ပွင့်က ငိုကြွေးရင်း..

“အမေရယ် အမေ့အတွက်ဆေးကုသဖို့ သမီးကျွန်ခံမယ်ဆိုပြီးပိုက်ဆံချေးလာခဲ့တာပါ အမေရယ်... သမီးအရောက်နောက်ကျတာခွင့်လွတ်ပါ။”

ဟု ငိုကြွေးရင်းပြောဆိုလေ၏ ။ ထိုအခါမစိန်ပွင့်၏ အိမ်နီးချင်းဆင်းရဲသားများ

က ဝိုင်းဝန်းနှစ် သိပ်ကြလေ၏ ။

အိမ်နီချင်းဆင်းရဲသားအဖိုးကြီးတစ်ဦးက ..

“မစိန်ပွင့်အရောက်နောက်ကြလို့ အမေကြီးသေရတာ မဟုတ်ပါဘူး၊ ရောဂါ ကကျွမ်းနေပြီ လေ”

ဟု နှစ် သိပ်လေ၏ ။

ထိုအခါ အခြားသော ဆင်းရဲသားများ ကလည်း မစိန်ပွင့်စိတ်သက်သာစေရန် ဝိုင်းဝန်းနှစ် သိပ်ကြ၏ ။

မည် သို့ ပင်နှစ် သိပ်စေကာမူ အမေတစ်ခုသမီးတစ်ခု ဖြစ်သော မစိန်ပွင့်သည်မိခင်ကိုသာ တမ်းတပြီး ငိုကြွေးလေတော့၏ ။ မစိန်ပွင့်သည် ထိုနေ့ညကမအိပ်ဆက်ပဲ ငိုကြွေး၍ သာနေလေ တော့၏ ။

မစိန်ပွင့်၏ မိခင်ကြီးအတွက်အိမ်နီးချင်းဆရဲသားများ က ဝိုင်းဝန်းကူညီပေးကြလေ၏ ။ ၎င်း တို့သည် ငွေအားဖြင့် မကူညီနိုင်ကြသော် လည်း လူအားဖြင့် ဝိုင်းဝန်းကူညီပေးကြ၏ ။

မစိန်ပွင့်သည် မောင်မောင်ကြီးထံမှ ကျွန်ခံမည် ဟုကတိခံပြီးငွေတစ်ဆယ်ချေးငှားလာသော် လည်းဆေးဆရာကြီးကိုငွေငါးကျပ်ပေးပြီးနောက် သူမ၏ လက်ထဲတွင် ငွေငါးကျပ်ကျန်ရှိနေသေး ၏ ။

မစိန်ပွင့်သည် ထိုငွေငါးကျပ်နှင့် ပင် မိခင်၏ ရက်လည်ဆွမ်းသွတ်ခြင်း၊ ကုသိုလ်ကောင်းမှု ပြု လုပ်ခြင်း ပြုလုပ်ရန်ဆုံးဖြတ်လိုက်၏ ။

မစိန်ပွင့်သည် လူ့လောကကြီးထဲတွင် မိမိတစ်ဦးတည်းသာ ကျန်ရစ်ခဲ့သဖြင့် စိတ်အားငယ် သလိုခံစား ရ၏ ။ မစိန်ပွင့်၏ အိမ်နီးနားချင်းဆင်းရဲသားများ သည် စိတ်အားမငယ်ရန် ဝိုင်းဝန်း၍ အား ပေးကြ၏ ။

မစိန်ပွင့်ကိုဝိုင်းဝန်းစောင့်ရှောက်မည် ဖြစ်ကြောင်း ကတိပြု ကြ၏ ။
မစိန်ပွင့်သည်ရက်လည် ဆွမ်းသွတ်ပြီးနောက် အိမ်တံခါးကိုပိတ်၍ အိမ်နီးနားချင်းများ ကို နှုတ်ဆက်ကာ မောင်မောင်ကြီးထံ တွင် ကျွန်ခံရန် သွားမည် ဖြစ်ကြောင်း ပြောဆိုလေ၏ ။

ထိုအခါ ဆင်းရဲသားများ က မစိန်ပွင့်ကိုဂရုဏာသက်ဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏ ။ ဆင်းရဲသားအဖိုးအိုက...

“သမီးရဲ့ စိတ်ဓာတ်က မွန်မြတ်ပါတယ်၊ မိဘရဲ့ ကျေးဇူးကိုသိတတ်တဲ့မိန်းကလေးပဲ၊ လိုအပ်တဲ့ဥစ္စာကို အဖိုးတို့ဝိုင်းပြီး စုပေးကြမယ်”

ဟုပြောလေ၏ ။

ထိုအခါမစိန်ပွင့်သည် ဆင်းရဲသားများ ၏ အကျိုးအတည်းများ ကို နားလည်သူ ဖြစ်သဖြင့် မိမိ အတွက်ဝန်မပိစေချင်သဖြင့် ..

“ရပါတယ်အဘရယ်၊ သမီးဘဝက ဘာမှမထူးပါဘူး၊ ဆင်းရဲဒုက္ခအမျိုး မျိုး ကိုလည်းကြုံတွေ့ခဲ့ဘူးပါတယ်၊ ဘုရားမှာ ပန်းရောင်းတဲ့ဘဝတုန်းကလည်း ဆင်းရဲပင်ပန်းခဲ့တာပဲ၊ ကျွန်မဒီ ထက်ပိုပြီး မဆင်းရဲနိုင်တော့ပါဘူး၊ ကောင်းတဲ့ဘက်ကတွေးကြည့်ရင် မောင်မောင်ကြီးအိမ်မှာ နေရတာ ကမှ သက်သာပါဦးမယ်”

ဟု ပြောလိုက်လေ၏ ။ ထိုအခါဆင်းရဲသားများ သည် မစိန်ပွင့်ကိုမတားဆီးတော့ဘဲ သနား ကရုဏာသက်ဟန်ဖြင့် ကျန်ရစ်ခဲ့လေ၏ ။

မစိန်ပွင့်သည် ဖျင်းလွယ်အိတ်ကြီးထဲသို့ သူမ၏ အဝတ်အစားအနည်းအငယ်ကို ထည့်ကာ မောင်မောင်ကြီး၏ အိမ်ကြီးတွင် ကျွန်ခံရန် ထွက်ခွာခဲ့လေး တော့၏ ။

မောင်မောင်ကြီး၏ အိမ်ကြီးသည် မြို့ တောင်ပိုင်းတွင် ရှိပြီး မြို့ ပေါ်တွင် အခန်းအနားဆုံး ဖြစ် ၏ ။ အိမ်ကြီးနှင့် အတူရှိသော ခြံကြီးမှာ နှစ် ဧကနီးပါးရှိ၏ ။

အိမ်ကြီး၏ အနောက်ခြံကြီးထဲတွင် သစ်ပင်စားပင်များ စုံစုံလင်လင်ရှိ၏ ။ မောင်မောင်ကြီး၌ မောင်မောင်လေးနှင့် မောင်မောင်ထွေးဟူသော ညီနှစ် ယောက် ရှိ၏ ။

မစိန်ပွင့်သည် မောင်မောင်ကြီး၏ ခြံရှေ့သို့ ရောက်သော အခါ လူတစ်ဦးထွက်လာပြီး ..

“ဘာကိစ္စလဲမိန်းကလေး”

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါမစိန်ပွင့်က ...

“ကျွန်မနာမည် မစိန်ပွင့်လို့ ခေါ်ပါတယ်၊ ဒီအိမ်ကြီးမှာ ကျွန်ခဲဖို့ရောက်လာတာ”

ဟု ပြောလိုက်လေ၏ ။ မစိန်ပွင့်၏ စကားကြောင့် ခြံစောင့်ကြီးမှာ သဘောကြဟန်ဖြင့် ခေါင်း တစ်ဆတ်ဆတ်ညိတ်လိုက်ပြီး...

“ဟား....ဟား...ဟား....ကျွန်ခဲဖို့ရောက်လာတယ်ဟုတ်လား၊ သိပြီ၊ သိပြီ၊ မင်းကစကားကို ရှင်းရှင်းလင်းလင်းပြောတတ်သားပဲ၊ ကျွန်ခဲစရာရှိတော့လည်းခံလိုက်ပေါ့ကွာ၊ လောကကြီးမှာ လူ ဖြစ်တဲ့အခါစံပဲ၊ ပေ ဖြစ်တဲ့အခါမှာ လည်းခံပဲ၊ ဒါဟာသဘာဝတရားပဲ”

ဟု ပြောကာ ခြံတံခါးကို ဆွဲဖွင့်ပေးလိုက်လေ၏ ။

မစိန်ပွင့်သည် ကြီးမားသော ခြံကြီးထဲသို့ ဝင်လာခဲ့လေတော့၏ ။ မစိန်ပွင့်သည် ကွေ့ပတ် သော လမ်းကလေးအတိုင်း လျှောက်လှမ်းသွားပြီး အိမ်ကြီးထဲသို့ အကဲခတ်လိုက်၏ ။

ထိုအခါ အိမ်ကြီးထဲမှအစောင့်တစ်ဦး ထွက်လာပြီး၊

“ဘာကိစ္စလည်း မိန်းကလေး”

ဟု မေးမြန်းလေ၏ မစိန်ပွင့်က...

“ကျွန်ခဲဖို့ရောက်လာတာ”

ဟု ပြောလိုက်ပြန်၏ ။ ထိုသူက မစိန်ပွင့်ကို မျက်မှော င်ကြုတ်ကြည့်၍ ..

“ဒါဆိုရင် ဒီမှာ ခဏစောင့်”

ဟု ဆိုကာအိမ်ကြီး၏ အပေါ်ထပ်သို့ တက်သွားလေ၏ ။

မစိန်ပွင့်သည်အိမ်ကြီး၏ ခမ်းနားကြီးကျယ်ပုံကို တအံ့တသြငေးကြည့်နေမိ၏ ။ သူမ ဘဝတွင် ဤမျှခမ်းနားကြီးကျယ်ပြီး ခမ်းနားသပ်ရပ်သော အိမ်မျိုး မမြင်ဖူးချေ၊

ခဏအကြာလျှင် မစိန်ပွင့်အား အိမ်ကြီးအပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏ ။ မစိန်ပွင့် သည် ကျွန်းလေကားကြီးများ အတိုင်း အိမ်ကြီး၏ အပေါ်ထပ်သို့ မရဲတရဲဖြင့် တက်ခဲ့လေ၏ ။

အိမ်ကြီး၏ ပေါ်ထပ်ရှိလွန်စွာ ကြီးမားသော ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသော မောင် မောင်ကြီးကိုတွေ့ရ၏ ။

မောင်မောင်ကြီး၏ လက်ထဲတွင် ကြောင်နက်ကြီးတစ်ကောင်ရှိပြီး မောင်မောင်ကြီးသည် ကြောင်နက်ကြီး၏ ခေါင်းကိုပွတ်သပ်နေလေ၏ ။ မောင်မောင်ကြီးက မစိန်ပွင့်ကိုမျက်လုံး ဝေ့ ကြည့်၍ ..

“ထန်းတောမှာ တွေ့တဲ့ မိန်းကလေးကို၊ မင်းကတိတည်သားပဲ”

ဟု ပြောလိုက်ရာ မစိန်ပွင့်ကမောင်မောင်ကြီးကို မျက်လုံးချင်းဆုံအောင် ပြန်လည်ကြည့်ရှု လိုက်ပြီး...

“ကျွန်မဆင်းရဲပေမဲ့ ကတိသစ္စာတည်တယ်ဆိုတာ ရှင့်ကိုပြောဖူးပါတယ်”

ဟု ပြောလိုက်လေ၏ ။ ထိုအခါ မောင်မောင်ကြီးက ခေါင်းကိုညိတ်၍ ...

“ကတိသစ္စာတည်ကြဖို့သိပ်အရေး ကြီးတာပေါ့မိန်းကလေး၊ မင်းရဲ့ စိတ်ဓာတ်ကို ကြိုက် သွားပြီး၊ ဒါနဲ့မင်းရဲ့ အမေကောနေကောင်းသွားပြီလား”

ဟု မေးမြန်းလိုက်လေ၏ ။

ထိုအခါ မစိန်ပွင့်ကခေါင်းခါ ယမ်းလိုက်ပြီး...

“ကျွန်မရဲ့ အမေ ဒီနေ့ပဲရက်လည်တယ်”

ဟု ပြောလိုက်လေ၏ ။ ထိုအခါမောင်မောင်ကြီးက ဆေးပြင်းလိပ်တစ်လိပ်ကို

မီးညှိ.ဖွာရှိုက် လိုက်ပြီး..

“ကောင်းပြီ၊ ငါတို့ရဲ့ အိမ်ကြီးမှာ မင်းရဲ့ ကတိအတိုင်းသုံးနှစ် တိတိ ကျွန်ခံပေတော့၊ သုံးနှစ် ပြည့် ရင်တော့ ကတိအတိုင်း မိန်းကလေးကို ပြန်လွှတ်ပေးမယ်”

ဟုပြောလေ၏ ။

ထို့နောက် အနီးတွင် ရပ်နေသော အိမ်ဖော်ထိန်းမိန်းမကြီးတစ်ဦးအား လက်ဝှေ့ယမ်းလိုက် ပြီး မစိန်ပွင့်ကို ခေါ်ဆောင်သွားရန် အမိန့်ပေးလိုက် လေ၏ ။

ထိုအခါ မိန်းမကြီးသည် မစိန်ပွင့်ကိုလက်ကုပ်၍ အိမ်ကြီး၏ အပေါ်ထပ်မှ ခေါ်ဆောင်သွား လေ၏ ။ ထို့နောက် အိမ်ကြီး၏ အနောက်သို့ ရောက်လာ၏ ။

ပြီးနောက် အခန်းကျဉ်းလေးတစ်ခုကို ညွှန်ပြကာ မိန်းမကြီးက..

“ညည်း ဒီအခန်းမှာ နေရမယ်၊ စားတဲ့အခါ ငါတို့နဲ့အတူတူစားရမယ် ဒီအိမ်မှာ နေရင်တော့ အိမ်အလုပ်တွေ ကို ဝိုင်းလုပ်ရမယ်၊ ငါတို့ရဲ့ စကားကို နားထောင်ရမယ်၊ ငါတို့ကို အားမခံရဘူး”

ဟု လေသံမာမာဖြင့် ပြောလေ၏ ။

ထိုအခါ မစိန်ပွင့်က အခန်းထဲသို့ ဝင်၍ ထိုမိန်းမကြီးကို နောက်ပြန်ကြည့်ကာ..

“တရားနည်းလမ်းကျတဲ့စကားဆိုရင်တော့ ကျွန်မ အကုန်လုံးနာခံမယ်၊ နည်းလမ်းမကျရင် တော့ ကျွန်မ ဘယ်သူ့စကားမှ မနာခံနိုင်ဘူး၊ အဲဒီ အတွက် ကျွန်မဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ ကျွန်မ နာမည် မစိန်ပွင့်တဲ့ အဒေါ်မှတ်ထား”

ဟု ပြောကာ အခန်းတံခါးကို ဒိုင်းခနဲမြည် အောင် ပိတ်လိုက်လေ၏ ။

အိမ်ဖော်ထိန်းမိန်းမကြီးသည် ပိတ်သွားသော အခန်းတံခါးကိုကြည့်၍ ...

“အတော် ဆိုးတဲ့မိန်းကလေးပါလား၊ ဒီလိုမိန်းကလေးမျိုး ဒီအိမ်ကြီးကိုရောက်လာရင် ငါ တော့ ခေါင်းခဲဦးမယ်၊ ဘုရား...ဘုရား...”

ဟု ရေရွတ်ကာ အနီးမှ ထွက်သွားလေ၏။

*

အခန်း (၂)

မစိန်ပွင့်သည် အခန်းထဲသို့ ရောက်သော အခါ ဟောင်းနွမ်းသော ခေါင်းအုံးတစ်လုံးနှင့် ဖျာစုတ်လေးတစ်ချပ်ကို တွေ့ရလေ၏ အခန်းလေးသည် ကျဉ်းမြောင်းသော် လည်း လုံလုံခြုံခြုံရှိ၏ ၊ မစိန်ပွင့်က..

“ဒီလိုအခန်းလေးနဲ့နေရတာ ငါ့အတွက် ကံသိပ်ကောင်းတာပဲ၊ ငါ့ရဲ့ ပညာတွေကို လျှို့ ဝှက် ပြီး လေ့ကျင့်လို့ရတာ ပေါ့”

ဟု ပြောရင်း အိပ်ခန်းကိုလှည့်ပတ်ကြည့်ကာ ပြန်ထွက်ခဲ့လေ၏ ။

သူမသည် မီးဖိုဆောင်ရှိရာသို့ မှန်းဆပြီးရောက်သွားလေ၏ ။ မီးဖိုချောင်သို့ ရောက်သော အခါ ဇွန်းသံ၊ ပန်းကန်သံများ ကို ကြားရသဖြင့်ရပ်ပြီး နားစွင့်နေမိ၏ ။

ထိုအခါ အိမ်ဖော်ထိန်းမိန်းမကြီး၏ အသံကိုကြားလိုက်ရ၏ ။ အိမ်ဖော်မိန်းမကြီးက..

“ဒီနေ့ရောက်လာတဲ့ မစိန်ပွင့်ဆိုတဲ့ကောင်မဟာ ရုပ်လေးသနားကမားရိသလောက် ပုံစံက မာဆတ်ဆတ်နဲ့။ ဒီကောင်မကိုမျက်နှာသာပေးလို့မဖြစ်ဘူး။ အစကတည်းက နှိမ်ထားမှ ဖြစ်မယ်”

ဟု ပြောလေရာ ကျန်သော အိမ်ဖော်မိန်းမပျိုများ က အသီးသီးထောက်ခံကြလေ၏ ။

မစိန်ပွင့်သည် သူမနာမည် ကိုကြားရသဖြင့် ခန်းဆီးကိုလှပ်ကြည့်လိုက်ရာ အိမ်ဖော်မိန်းမ ကြီးနှင့် အိမ်ဖော်မိန်းကလေးငါးယောက် ကိုတွေ့ရလေ၏ ။

မောင်မောင်ကြီးတို့၏ အိမ်ကြီးသည် ကျယ်ဝန်းလှသဖြင့် အိမ်ဖော်များ များပြားစွာ ထားရ ခြင်း ဖြစ်၏ ။ မီးဖိုချောင်ထဲတွင် အိမ်ဖော်မိန်းကလေးများ ညနေစာကို စားသောက်နေဟန်ရှိ၏ ။

အိမ်ဖော်ထိန်းမိန်းမကြီးသည် သံဇလုံထဲမှဟင်းများ ကို အိမ်ဖော်မိန်းကလေးများ ထံခွဲဝေပေး လိုက်ပြီး...

“ဟင်းတွေ ကုန်အောင်စားလိုက်ကြ၊ ဟိုကောင်မကို ငါးပိရည်နဲ့ပဲ ကျွေးမယ်၊ ဒီကောင်မမျိုး ကို အိမ်ကိုရောက်စမှာ နှိမ်ထားမှ ဖြစ်မယ်။ မျက်နှာသာပေးလို့မ ဖြစ်ဘူး။ သူ့ကိုကြည့်ရတာ မာရေ ကျောရေနဲ့”

ဟု ပြောလေ၏ ။

ထို့နောက် အိမ်ဖော်ထိန်းမိန်းမကြီးသည် သူမ စားသောက်ရန် ပန်းကန်ထဲသို့ ထမင်းနှင့် ဟင်းများ ကိုအကျအန ခူးခပ်၍ ထည့်လေ၏ ။

ထိုနောက် အိမ်ဖော်များ ထံသို့ ကြည့်ကာ..

“ငါတော့ ရင်ပြည့်နေလို့ ထမင်းမစားနိုင်သေးဘူး၊ တော် ကြာမှစားမယ်။ ငါ့ပန်းကန်ကိုတော့ ဒီနေရာမှာ ပဲ ဖွက်ထားတော့မယ်”

ဟု ဆိုကာ ကြောင်အိမ်၏ အပေါ်ထောင့်တွင် သူမ၏ ပန်းကန်ကို တင်ထားလေ၏ ။ အိမ်ဖော် မိန်းမကြီးက..

“ဟိုကောင်မရောက်လာရင် ငါးပိရည်တို့စရာနဲ့ ထမင်းကြမ်းပဲကျွေး၊ ကြားလား”

ဟု ကျန်သော အိမ်ဖော်မိန်းကလေးများ ကို ပြောလေ၏ ။

မစိန်ပွင့်သည် ယုတ်မာသော အိမ်ဖော်ထိန်းမိန်းမကြီး၏ အပြု အမူကြောင့် အံကိုကြိတ် လိုက်ပြီး ခန်းဆီးကိုလှပ်ကာ ကြောင်အိမ်ပေါ်ရှိ အိမ်ဖော်ထိန်းမိန်းမကြီး၏ ပန်းကန်ကို တိတ်တ ဆိတ် လှမ်းယူလိုက်၏ ။

ထို့နောက် သူမ၏ အခန်းသို့ အသံမကြားအောင် လျှောက်သွားပြီး အခန်းထဲသို့ ဝင်ကာ အိမ်ဖော်ထိန်းမိန်းမကြီး၏ ထမင်းနှင့် ဟင်းများ ကို မြန်ယုက်စွာ စားသောက်လေ၏ ။

အိမ်ဖော်ထိန်းမိန်းမကြီးသည် သူမစားသောက်ရန် ထမင်းနှင့်ဟင်းများ ကို အကျအန ခူးခပ် ထားသဖြင့် လွန်စွာ ထမင်းစားမြိန်လှ၏ ။

ထမင်းဟင်းများ ကို ဗိုက်ကားအောင်စားသောက်ပြီး အခန်းထဲမှ
တိတ်တဆိတ်ထွက်ကာ ကြောင်အိမ်ပေါ်ရှိ မူလနေရာသို့ ပန်းကန်ကို တိတ်တဆိတ်
တင်ထားလိုက်၏ ။

ထို့နောက်အခန်းထဲသို့ ပြန်ဝင်ကာ ငြိမ်သက်စွာ နေလိုက်၏ ။
ခဏကြာလျှင်အိမ်ဖော်ထိန်း မိန်းမကြီးက တံခါးကို တခုန်းခုန်းမြည် အောင် ခေါက်၍
ဖွင့်ပေးလိုက် ရာ..

“ဟဲ့..မစိန်ပွင့် ညည်းအတွက် အိမ်နောက်ဖေးမှာ ညနေစာ ရှိတယ်။ညနေစာကို
အရင်ဆုံး စားလိုက်”

ဟုပြောလေ၏ ။ ထိုအခါ မစိန်ပွင့်က မျက်နှာကိုရှုံ့မဲ့၍ ..

“ကျနော်မ ဒီနေ့ ရင်တွေ ပြည့်နေတယ်၊ ဒါကြောင့် ညနေစာမစားတော့ဘူး”

ဟု ပြောလေ၏ ။ ထိုအခါအိမ်ဖော်ထိန်းမိန်းမကြီးက..

“ညည်းက ရောက်တာမကြာသေးဘူး။ ဗိုက်နာသလေး၊ ရင်ကယ်သလေး
ဖြစ်နေပြီ၊ ဒီအိမ် မှာ နေရင်တော့ ကျနော်မာရေး ကို အကြောင်းပြုပြီး ခိုကပ်နေလို့မရဘူးနော်”

ဟု ပြောကာ တံခါးကိုဒိုင်းခနဲပိတ်ပြီး ထိုနေရာမှထွက်ခွာသွားလေ၏ ။
မစိန်ပွင့်သည် အိမ် ဖော်ထိန်းမိန်းမကြီး ထွက်သွားသော အခါ သဘောကျဟန်ဖြင့်
တဟားဟားရယ်မောလိုက်လေ၏ ။

ထို့နောက်သူမသည် အခန်းတံခါးကိုမှီ၍ အပြင်ဘက်သို့ နားစွင့် နေမိ၏ ။
ခဏကြာလျှင်သူမ ၏ ထမင်းဟင်းများ ပျောက်ဆုံးသွားဖြင့် ဒေါသတကြီး
အော်ဟစ်ပြောဆိုနေသော အိမ်ဖော်ထိန်းမိန်း မကြီး၏ အသံကိုကြားရလေ၏ ။

မိန်းမကြီးသည် ထမင်းဟင်းများ ကို အိမ်ဖော်မိန်းကလေးများ ယူစားသည်ဟု
ထင်မြင်သ ဖြင့် ဒေါသတကြီး ဒေါသတကြီး အော်ဟစ်ဆူပူနေလေ၏ ။

အိမ်ဖော်မိန်းကလေးများ မှာ သူမတို့အပြစ်မရှိကြောင်း ပြန်လည်ပြောဆိုလေ၏

။ သို့ သော် မိန်းမကြီးမှာ မိန်းကလေးများ ကို မယုံဘဲ ဒေါသတကြီး အော်ဟစ်ဆူပူလေ၏ ။

မစိန်ပွင့်သည် ထိုအသံများ ကို နားထောင်ရင်း အခန်းထဲတွင် ခွက်ထိုးခွက်လှန် ရယ်မောနေ မိ၏ ။ အိမ်ဖော်ထိန်းမိန်းမကြီးသည် ငါးပိရည်တို့စရာနှင့် ပင် ထမင်းစားသောက်ရပေတော့မည် ။

မစိန်ပွင့်သည် ခဏအကြာတွင် အိမ်ခန်းထဲမှထွက်၍ အိမ်နောက်ဘက်သို့ ဆင်းလေ၏ ။

သူမသည် ခြံထဲတွင် လှည့်လည်ကြည့်ရှုလေရာအိမ်ကြီး၏ အနောက်ဘက်တွင် အမှိုက် သရိုက်များ ဖုံးလွှမ်းနေသဖြင့် အိမ်ဖော်မိန်းကလေးများ ထံတွင် မားတစ်လက်ကို တောင်းယူကာ ချု နွယ်ပိတ်ပေါင်းများ ကို ရှင်းလင်းလေ၏ ။

အိမ်ဖော်မိန်းကလေးများ သည် သူမကို ကူညီလုပ်ကိုင်ပေးခြင်းမရှိဘဲ မလှမ်းမကမ်း၌ တိတ် တဆိတ်ခိုး အကဲခတ်၍ ပြစ်တင်ဝေဖန်နေဟန်ရှိကြ၏ ။

မစိန်ပွင့်သည် ချုံနွယ်ပိတ်ပေါင်းများ ကို ညမှော ငရဲသန်းစအချိန်ထိ ခုတ်ထွင်ရှင်းလင်းနေ လေ၏ ။ ထို့နောက်အလင်းရောင် မရှိတော့သဖြင့် သူမ၏ အလုပ်ကို ရပ်နားလိုက်ပြီး အိမ်ကြီးပေါ်သို့ ပြန်လည်၍ တက်ခဲ့၏ ။

မောင်မောင်ကြီး၏ အိမ်ကြီးမှာ ကျယ်ဝန်းလှ၏ ။ အပေါ်ထပ်အောက်ထပ် အဆောင်ဆောင် အခန်းခန်းများ မြောက်မြားစွာ ရှိ၏ ။

အိမ်ဖော်မိန်းကလေးတချို့ မှာ အိမ်ကြီး၏ အပေါ်ထပ်သို့ တက်သွားပြီး ကျန်သော မိန်းမ ဖော်များ မှာ အိမ်ကြီး၏ အောက်ထပ်မီးဖိုခန်း၌ ရှိကြ၏ ။

အိမ်ဖော်မိန်းကလေးအားလုံး အိမ်ဖော်ထိန်းမိန်းမကြီး၏ အောက်ထပ်မီးဖိုခန်း၌ ရှိကြ၏ ။

အိမ်ဖော်မိန်းကလေးအားလုံး အိမ်ဖော်ထိန်းမိန်းမကြီး၏ ဩဇာကို ကြောက်ရွံ့ဟန်ရှိ၏ ။

မစိန်ပွင့်က သဘောကောင်းဟန်ရှိသော အိမ်ဖော်မိန်းကလေးတစ်ဦးထံသို့ သွား၍ ..

“ကျွန်မ ဘာလုပ်ရမလဲ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ အိမ်ဖော်မိန်းကလေးက မစိန်ပွင့်ကိုလှည့်ကြည့်၍ ..

“ဒီအိမ်ကြီးမှာ ညနေပိုင်းဆိုရင် အလုပ်သိပ်မရှိပါဘူး၊ အိမ်နောက်ဖေးက ပန်းကန်ခွက် ယောက် တွေ ဆေးကြောပြီးရင် အိပ်ချင်အိပ်နိုင်ပါပြီ”

ဟု ပြောလေ၏ ။

ထိုအခါ မစိန်ပွင့်သည် နောက်ဖေးမီးဖိုချောင်ထဲသို့ ဝင်၍ ပန်းကန်များ ဆေးကြောခြင်း၊ အမှိုက်များ လွှဲခြင်းတို့ ပြု လုပ်ကာအားလုံး ပြီးစီးသွားသည်နှင့် အိမ်ခန်းအတွင် းသို့ ဝင်ခဲ့တော့ လေ၏ ။

သူမ၏ အိမ်ခန်းထဲ၌ အနီးရောင် မီးလုံးငယ်လေးတစ်လုံးရှိ၏ ၊ ထိုအခန်းသည် အိမ်ကြီး၏ ပစ္စည်းအဟောင်းအဆွေးများ ထားသော အခန်း ဖြစ်ပုံရ၏ ။

သူမအိပ်စက်ရသော နေရာလေးမှလွဲ၍ ကျန်နေရာများ တွင် ဟောင်းနွမ်းဆွေးမြည့် နေသော ပစ္စည်းပေါင်းစုံရှိ၏ ။ မစိန်ပွင့်သည် အခန်းကို မျက်လုံးဝေ့ကြည့်လိုက်ပြီး..

“ဒီနေရာလေးက ငါ့ရဲ့ ဘုံဗိမ္မာနပဲ”

ဟု တစ်ကိုယ်တည်း ရေရွတ်နေမိ၏ ။

အချိန်အားလပ်လျှင် အခန်းကလေးကို ဆေးကြောရဦးမည် မစိန်ပွင့်သည် သူမ၏ လွယ် အိတ်ထဲမှ သေသပ်စွာ ခေါက်ထားသော သားရေပြားတစ်ချပ်ကို ထုတ်ယူလိုက်၏ ။

ထိုသားရေပြာပေါ်တွင် လူ၏ ခန္ဓာကိုယ်ပုံ ရေး ဆွဲထားပြီးသေးငယ်သော

သွေးကြောနေရာ များ ကို ဆေးရောင် စုံဖြင့် ရေး ခြယ်ထား၏ ။

ထိုသားရေပြားသည် သူမအတွက် အသက်တမျှ အရေး ကြီးသော ပစ္စည်း ဖြစ်၏ ။ မစိန်ပွင့် သည် သားရေပြားပတ်ထားသော နံရံရှေ့တွင် ထိုင်၍ စူးစိုက်ကြည့်လေ၏ ။

သူမ၏ မျက်လုံးများ သည် စူးရှတောက်ပပြီးသားရေပြားပေါ်ရှိ သွေးကြောများ ကို တစ်ခုချင်း လိုက်လံကြည့်ရှုနေမိ၏ ။

အတန်ကြာအောင်ကြည့်ရှုပြီးမှ သက်ပြင်းကို ချ၍ ..

“အရေး ပါတဲ့ သွေးကြောတွေ ကို ငါမမေ့သေးဘူး၊ တော် ပါသေးရဲ့ ”

ဟု တီးတိုးရေရွတ်လေ၏ ။

ထို့နောက် သူမ၏ သေးသွယ်လှပသော လက်ချောင်းလေးများ ဖြင့် သားရေပြားပေါ်သို့ ထောက်လေ၏ ။ သူမ၏ လက်ချောင်းလေးများ သည် သားရေပြားပေါ်ကို ထောက်နေရာမှ တဖြည်း ဖြည်းမြန်ဆန်လာ၏ ။

ခဏကြာလျှင် လက်ချောင်းများ သည် ဇယ်ဆက်သလိုမြန်ဆန်လာပြီး နေရာအနှံ့ကျရောက် လာလေ၏ ။ မစိန်ပွင့်သည်လေ့ကျင့်ခန်းကို ပြုလုပ်ပြီးနောက် ခဏကြာလျှင် သူမ၏ ကိုယ်မှ ချွေးများ ထွက်လာ၏ ။

ထိုအခါမှာ ပင် သေးကြောများ ကို လက်ဖြင့် ထောက်သော လေ့ကျင့်ခန်းကို ရင်ဆိုင်နိုင် လေ၏ ။ မစိန်ပွင့်သည် မောလျှာန်ဖြင့်ကြမ်းပြင်ပေါ်တွင် လဲ့ချလိုက်ပြီး နံရံပေါ်တွင် ချိတ်ဆွဲ ထားသော သားရေပြားဆီသို့ အကြည့်ရောက်သွား၏ ။

ထို့နောက်

“ဦးလေး ဦးပေသီး၊ ဦးလေး ဘယ်ကိုရောက်နေသလဲ၊ ကျွန်မဦးလေးကို သတိရလိုက်တာ၊ ကျွန်မဘဝမှာ အခက်အခဲအကျပ်အတည်းတွေ နဲ့ တွေ့တိုင်း ဦးလေးရောက်လာခဲ့တယ်၊ အခုတော့ ဦးလေး ဘယ်ကိုရောက်နေသလဲ”

ဟုတီးတိုးရေရွတ်ရင်း သူမ၏ စိတ်များ သည် အတိတ်ဆီသို့

ရောက်ရှိသွားလေ၏ ။

*

လွန်ခဲ့သော ဆယ့်ငါးနှစ် ခန့်က မိုးတွေ ရွာသော ညတစ်ညကို သူမ၏ မျက်လုံးထဲတွင် ပြန် လည်မြင်ယောင်လာမိ၏ ။ ထိုစဉ်က သူမ၏ အသက် ငါးနှစ် အရွယ်ခန့်သာရှိသေး၏ ။

သူမသည်မိုးသံနှင့် အတူ အော်ဟစ်နေသော ဖားသံများ ကို ကြားရသဖြင့် အမေမသိအောင် အိပ်ရာမှ အသာအယာထလိုက်၏ ။

ထို့နောက် ဖားရိုက်သော မီးအိမ်ကိုဆွဲကာ မိုးရေထဲသို့ တစ်ကိုယ်တည်း ထွက်ခဲ့၏ ။ မိခင် သည် ဆင်းရဲလွန်းသဖြင့် အသားဟင်းလျာကို ချက်ကျွေးနိုင်ခြင်း မရှိချေ။

ထို့ကြောင့် ယနေ့ည မိုးရွာလျှင် ကိုယ်တိုင်ဖားရိုက်ထွက်၍ ရရှိသော ဖားကို နောက်တစ်နေ့ နံနက်တွင် မိခင်အားချက်ပြုတ်ခိုင်းမည် ဟူသော ရည်ရွယ်ချက်ဖြင့် မိုးရေထဲသို့ ထွက်လာခဲ့ခြင်း ဖြစ် ၏ ။

ညဉ့်နက်သန်းခေါင်အချိန် မိုးရေထဲဆင်း၍ ဖားရိုက်ထွက်သော သူမကို မိခင်သိလျှင် မည် မျှ ဆူပူကြိမ်းမောင်းမည် မသိ။

မစိန်ပွင့်သည်ဖားများ ဆူညံစွာ အော်ဟစ်နေသော နေရာသို့ မှန်းဆ၍ ထွက်ခဲ့၏ ။ အတန် ကြာသွားလာပြီး ရေအိုင်ကြီးတစ်ခု၏ အနီးတွင် ဖားများ ၏ အသံကို ဆူညံစွာ ကြားရ၏ ။

မစိန်ပွင့်သည် ဖားများ ရှိရာနေရာသို့ ရောက်ရှိပြီးမှ အလောတကြီး ထွက်လာသဖြင့် ဖား ရိုတ်ရန် တုတ်ကျန်ခဲ့ကြောင်း တွေ့ရ၏ ။

သူမသည်အိမ်သို့ ပြန်၍ တုတ်ကိုယူရန် မ ဖြစ်နိုင်တော့သဖြင့် အနီးရှိသစ်ကိုင်း၌

မီးအိမ်ကို ချိတ်ကာ ရွံထဲသို့ ဆင်းသွားလေ၏ ။

ထို့နောက် တအုံအုံ အော်ဟစ်နေသော ဖားများ ကို တုတ်ဖြင့် လိုက်လံဖမ်းလေ၏ ။ ထိုသို့ ဖမ်းရာတွင် တချို့ သော ဖားများ ကို ဖမ်းမိသော်လည်း တစ်ချို့ သော ဖားများ မှာ သူမ၏ လက်မှ လွတ် ထွက်သွားသဖြင့် ရွံ့နှံထဲသို့ ခုန်လွှားပြီး လိုက်လံဖမ်းဆီးရလေ၏ ။

ခဏကြာလျှင် သူမ၏ ကိုယ်ခန္ဓာတစ်ခုလုံး ရွံ့များ အလူးလူး ဖြစ်သွားပြီး မြင်မကောင်း ရှုမကောင်းအောင် ဖြစ်နေလေ၏ ။ မစိန်ပွင့်သည် ရွံ့ထဲတွင် ဖားများ ကို ဒိုင်ပင်ထိုး၍ ဖမ်းယူနေစဉ် သူမ၏ ကိုယ်ခန္ဓာပေါ်သို့ မီးအိမ်၏ အလင်းရောင် ကျရောက်လာပြီး..

“ဟေ့ကောင်မလေး ညအချိန်မတော် ကြီးမှာ ဘာကြောင့် တစ်ယောက် တည်း ဖားဖမ်းနေရ တာလဲ”

ဟူသော အသံကို ကြားရလေ၏ ။

မစိန်ပွင့်သည် သူမအနောက်မှ ထွက်လာသော အသံကို ကြားရသဖြင့် လှမ်းကြည့်လိုက်ရာ သူမ၏ မီးအိမ်ကိုကိုင်၍ ရပ်နေသော အသက်ငါးဆယ်အရွယ် လူကြီးတစ်ဦးကို တွေ့ရလေ၏ ။

လူကြီးသည် သူမတို့ မြို့ ခံလူကြီးမဟုတ်ဘဲ မြို့ ပေါ်သို့ ခေတ္တရောက်ရှိနေသော လူကြီး ဖြစ် ကြောင်း တွေ့ရ၏ ။ ထိုလူကြီးသည် သူမ ရောက်ရှိနေသော ရွံ့အိုင်အနီးရှိ တဲအိမ်ငယ်လေးတွင် နေထိုင်၏ ။

ထိုလူကြီးသည် မြို့ သို့ ရောက်ရှိပြီး များ မကြာမီ ဆေးကုသတတ်သည်ဟု သတင်းထွက် သဖြင့် ထိုလူကြီးထံသို့ မြို့ ခံလူအများ သွားရောက်ဆေးကုသမှု ခံယူကြောင်းတွေ့ရ၏ ။

မစိန်ပွင့်က သူမ ဖမ်းမိထားသော ဖားများ ကို ပလိုင်းထဲသို့ ထည့်လိုက်ပြီး

ရွံအိုင်ထဲမှ ကုန်း ထကာ..

“ဟောဒီဖားတွေ ကို နောက်နေ့မနက်မှာ ချက်စားဖို့ ဖမ်းနေတာပေါ့ရှင့်”

ဟု ပြောဆိုလိုက်လေ၏ ။ ထိုအခါ လူကြီးက မစိန်ပွင့်ကို မျက်မှော င်ကြုတ်ကြည့်လိုက်ပြီး..

“ဖားဖမ်းတယ်ဆိုတာ လူကြီးတွေ ရဲ့ အလုပ်ကွ၊ မင်းရဲ့ အိမ်မှာ လူကြီးတွေ မရှိဘူးလားကွ”

ဟု မေးလေ၏ ။ ထိုအခါ မစိန်ပွင့်က မျက်နှာရှုံ့မဲ့လိုက်ပြီး...

“အိမ်မှာ အမေနဲ့ကျွန်မပဲရှိတယ် ဦးလေးရဲ့ ၊ ကျွန်မမှမဖမ်းရင် ဘယ်သူက ဖမ်းမှာ လဲ”

ဟုပြောရင်း လူကြီး၏ အနီးသို့ လျှောက်လှမ်းလာလေ၏ ။

လူကြီးသည် မိုးရေများ ရွှဲရွှဲစိုနေသော မစိန်ပွင့်ကိုကြည့်၍ သူ၏ တဲအိမ်လေးထဲသို့ ခေါ်သွား လေ၏ ။

တဲကလေးအတွင် းသို့ ရောက်သော အခါ လွန်စွာ မွှေးပျံ့သော သွေးဆေးတစ်ခွက်ကို တိုက် လေ၏ ။ မစိန်ပွင့်သည် ထိုသွေးဆေးကို သောက်ပြီးနောက် သူမ၏ တစ်ကိုယ်လုံး ပူရှိန်းတက်လာ သလိုခံစားရ၏ ။

ထို့နောက် မစိန်ပွင့်က

“ကျွန်မတို့အမေဟာ သိပ်ဆင်းရဲတယ်၊ ကျွန်မကိုအသားဟင်းချက်မကျွေးနိုင်တာ ကြာပြီ၊ နေ့တိုင်းနေ့တိုင်း အသီးအရွက်ရေလုံပြုတ်တွေ နဲ့ပဲ စားခဲ့ရတယ်၊ ကျွန်မသူငယ်ချင်းတွေ နဲ့ ကစား တဲ့အခါတိုင်း သူတို့ဟာ နေ့တိုင်း အသားဟင်းတွေ ပဲ ချက်စားကြတာကိုပြောတယ်။ ကျွန်မလည်း သူတို့လိုအသားဟင်းတွေ သိပ်စားချင်တာပဲ၊ မြို့ထဲကိုရောက်လို့ ခေါက်ဆွဲဆိုင်တွေ ရှေ့ရောက်ရင် ခေါက်ဆွဲဆိုင်တွေ ကရုန်ကို ကျွန်မ အရမ်းကြိုက်တယ်၊ ကျွန်မ ခေါက်ဆွဲကြော်စားချင်ပေမဲ့ အမေ က ကျွန်မကိုခေါက်ဆွဲကြော်

ဝယ်မကျွေးနိုင်ဘူး၊ ဒါကြောင့် ဖားတွေ ကို ကျွန်မကိုယ်တိုင် ဖမ်း တယ်၊ အနက်ဖြန်ကျရင် အမေ့ကို ချက်ခိုင်းမယ်၊ အဲဒီ အခါကျရင် ကျွန်မတို့မိသားစု သူများ တကာ တွေ လို အသားဟင်းစားနိုင်ပြီပေါ့"

ဟု ပြောလေ၏ ။ ထိုအခါ လူကြီးက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး မစိန်ပွင့်ကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍ ...

"ညကြီးသန်းခေါင် အိမ်ကထွက်လာတာ မင်းအမေမသိဘူးလား"

ဟု မေးလေ၏ ။ ထိုအခါ မစိန်ပွင့်က ခေါင်းခါယမ်းလိုက်ပြီး...

"အမေဘယ်သိပါ့မလဲ အမေသိရင် ကျွန်မကို တားတော့မှာ ပေါ့၊မနက်ဖြန် ဖားတွေ ကို ချက်ခိုင်းရင် အမေ ကျွန်မကို ဆူမှာ သေချာတယ်"

ဟု ပြောလေ၏ ။ လူကြီးသည် မစိန်ပွင့်ကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍ ...

"မင်း ဒီလောက် အသားဟင်းစားချင်ရင် မနက်ဖြန်ညစားကို ငါ့အိမ်မှာ လာစားပါလား"

ဟု ဖိတ်ခေါ်လေ၏ ။ မစိန်ပွင့်သည် လူကြီး၏ ဖိတ်ခေါ်မှု ကြောင့် မျက်နှာဝင်းလက် သွားပြီး..

"ဟင်...ဦးလေးတကယ်ပြောတာလား"

ဟု မေးလေ၏ ။ လူကြီးက ခေါင်းညိတ်၍ ..

"တကယ်ပြောတာပါကွာ၊ ငါ မင်းကို မညာပါဘူး၊ မနက်ဖြန်ညစာကို ငါ့အိမ်မှာ လာစား လှည့်ပါ၊ ဘာ ဖြစ်လို့လဲဆိုတော့ မနက်ဖြန်မနက်စာကို မင်း ဖားသားဟင်းနဲ့မစားရဘူးဆိုတာ ငါကြိုသိနေတယ်"

ဟု ပြောလေ၏ ။ ထိုအခါ မစိန်ပွင့်က လူကြီးကို နားမလည်ဟန်ဖြင့် ကြည့်၍ ..

"ဟင်....မနက်ဖြန် မနက်စာကို ကျွန်မ ဖားသားဟင်းနဲ့ မစားရဘူး ဟုတ်လား၊

ဦးလေးက ဘာ ဖြစ်လို့ပြောနိုင်တာလဲ”

ဟု မေးလေ၏ ။ ထိုအခါ လူကြီးက သက်ပြင်းချ၍ ...

“မင်းရဲ့ မျက်ဝန်းထဲမှာ သနားကရုဏာသက်တဲ့ အရိပ်အငွေ့တွေ ကို တွေ့ရတယ်၊ မင်းမ ရက်စက်တတ်ဘူးဆိုတာ မျက်လုံးတွေ က သက်သေပြနေတယ်၊ မင်းမျက်ဝန်းထဲမှာ မခံချင်စိတ် ကလွဲပြီး တခြား ဘာမှမရှိဘူး”

ဟု ပြောလေ၏ ။ ထို့နောက် လူကြီးကပင် ဆက်၍ ညဉ့်နက်သန်းနေပြီ ဖြစ်သဖြင့် အိမ်သို့ လိုက်ပို့မည် ဖြစ်ကြောင်း ပြောလေ၏ ။

မစိန်ပွင့်က ငြင်းဆိုမည် ပြုသော် လည်း လူကြီးသည် ယောကျ်ားဆောင် ထီးတစ်လက်ကို ဖွင့်၍ သူမ၏ အိမ်ကလေးသို့ လိုက်လံပို့ဆောင်ပေးလေ၏ ။

မစိန်ပွင့်သည် အိမ်သို့ ရောက်သော အခါ ပလိုင်းထဲတွင် ဖားများ ကို လုံခြုံစွာ သိမ်း၍ အိပ် ပျော်သွားလေ၏ ။ သူမသည် အိပ်မက်ထဲတွင် ဖားသားဟင်းများ ကို မြိန်ယှက်စွာ စားနေရကြောင်း မက်လေ၏ ။

နောက်တစ်နေ့ အိပ်ရာနိုးသော အခါ ညကထည့်ထားသော ဖားများ ကို ပလိုင်းထဲတွင် သွား ရောက်ကြည့်ရှုလေ၏ ။ ဖားများ ကို နေ့ဘက်အလင်းရောင် ဖြင့် ကြည့်ရှုသော အခါ သူမသည် သနား ကရုဏာစိတ် ဖြစ်ပေါ်လာပြီး ၎င်းတို့ကို မစားရက်တော့ချေ။

ထို့ကြောင့် ဖားများ ကို ပြန်လွှတ်ပေးလိုက် လေ၏ ။ သူမသည်ညက လူကြီးပြောသော စကား များ ကို ပြန်လည်ကြားယောင်နေမိ၏ ။ လူကြီးသည် ဒီနေ့နံနက်စာကို ဖားသားဟင်းနှင့် မစားရ ကြောင်း ကြိုတင်ဟောကိန်းထုတ်ခဲ့လေ၏ ။

လူကြီး၏ စကားသည် အတိအကျမှန်နေချေပြီ၊ မစိန်ပွင့်သည် ထိုနေ့ညနေ မိခင်ပန်းရောင် : ရာမှ ပြန်လာသော အခါ ဝတ်ကောင်းစားလှများ ဝတ်ဆင်ရင်း လူကြီး၏ အိမ်သို့ ထွက်ခဲ့လေ၏ ။

လူကြီး၏ အိမ်သို့ ရောက်သော အခါ လူကြီးကအသင့်ဆီးကြို၍ ...

“မင်းရောက်လာတာနဲ့ အတော် ပဲ၊ ဟင်းတွေ လည်း စုံနေပြီကွ”

ဟုပြောလေ၏ ။

မစိန်ပွင့်က လူကြီးတည်ခမ်းထားသော စားပွဲကို ကြည့်လိုက်သော အခါ စားပွဲခုံတစ်ခုလုံး ဟင်းလျာများ နှင့် ပြည့်နှက်နေကြောင့် တွေ့ရ၏ ။

ထိုအခါ မစိန်ပွင့်သည် ကလေးဝီဝီ ဟင်းများ ကိုကို တအံ့တသြ ကြည့်၍ ..

“ဟာ...ဦးလေးရဲ့ ဟင်းတွေ ကလည်း များ လှချည့်လား လူဘယ်နှစ် ယောက် တောင် စားကြ မှာ လဲ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ လူကြီးက တဟားဟားရယ်မော၍

“ဟား...ဟား..ဟား...မင်းနဲ့ငါ နှစ် ယောက် တည်းစားမှာ ပေါ့ကွ၊ ဟင်းတွေ များလို့ ပိုက်ဆံ ကုန်တာ အရေး မကြီးပါဘူးကွာ၊ တစ်ခါတလေ အရသာခံပြီးစားဖို့ လိုအပ်တယ်ကွ၊ အရသာဟာ တဏှာတစ်ခု ဖြစ်ပေမဲ့ ငါတို့ဟာ ကိလေသာတွေ ဖြစ်လို့ တဏှာကို မဖြတ်နိုင်သေးဘူး။”

ဟု ပြောလေ၏ ။

လူကြီးသည် မစိန်ပွင့်ကို ထမင်းစားပွဲဝိုင်းရှေ့တွင် ဝင်ထိုင်လေ၏ ။ ထို့နောက် လူကြီးသည် မစိန်ပွင့်ကလေးအား..

“ဟော့ဒီမှာ က ခေါက်ဆွဲကြော်၊ ဟောဒါက အစိမ်းကြော် ဒါက ကုန်းဘောင်ကြီးကြော်၊ ဒီဘက်က ချဉ်ချဉ်ကြော်၊ ဟိုဘက်ကဘဲပေါင်း ကြံမစိုက်ဟင်းချို၊ ဝက်ခြေထောက်ဟင်းချို၊ အခေါက် အသားကင်”

ဟု ဟင်းများ ကို ပြောပြလေ၏ ။

မစိန်ပွင့်က ဟင်းပွဲများ ကိုကြည့်၍ ..

“ဟင်းတွေ က စုံနေတာပဲ၊ ဦးလေး တစ်နေကုန် ဒီဟင်းတွေ ကို ချက်တာလား”

ဟု မေးလေ၏ ။ ထိုအခါ လူကြီးက..

“အချိန်ကုန်ခံပြီးချက်တာ မဟုတ်ပါဘူးကွာ၊ ဒီဟင်းတွေ ကို မြို့ ထဲက တရုတ်ဆိုင်ကဝယ် ပြီး ပြင်ဆင်ထားတာကွ၊တစ်ခါတလေ ဟင်းပွဲစုံစုံလင်လင်နဲ့စားတာ ပိုပြီးအရသာရှိတယ်ကွ၊ ကဗ္ဘာ ပေါ်မှာ တရုတ်တွေ ဟာ အစားအသောက်ကို အတော် ခုံမင်တဲ့လူမျိုး ကွ၊ ဒါကြောင့် လည်း သူတို့ အစားအစာဟာ ကဗ္ဘာကျော်ခဲ့တာပဲကွ၊ တရုတ်စာဟင်းပွဲစုံကိုစားရင်း တစ်ထိုင်တည်း ကုန်အောင် မစားရဘူးကွ၊ နည်းနည်း ခြင်း အရသာခံပြီး စားရတယ်၊ ထမင်းနည်းနည်း စားပြီး ဟင်းများများ စား ကွ”

ဟု ပြောကာ မစိန်ပွင့်လေးအား ဟင်းများ ကို အမျိုး စုံလင်အောင် ထည့်ပေးလေ၏ ။

မစိန်ပွင့်သည် သူမ၏ တစ်သက်တာတွင် ကြားသာကြားဖူးပြီး မစားဖူးသော အစား စာများ ကို တစ်ခုပြီးတစ်ခု မြည်းစမ်းကြည့်ရင်း အရသာတွေ့နေလေ၏ ။

ထို့နောက်လူကြီးနှင့် အတူ တရုတ်စာများ ကို ခေါင်းမဖော်တမ်း စားသောက်ကြလေ၏ ။ အတန်ကြာအောင် စားသောက်ပြီး နောက် နှစ် ဦးစလုံး ဗိုက်တင်းသွားကြ၏ ။

ထိုအခါ လူကြီးက

“ဟင်းပွဲတွေ ကိုတော့ နောက်မှသိမ်းမယ်ကွာ၊ ငါတို့နှစ် ယောက် စလုံး ဗိုက်တင်းသွားပြီး အိမ်ရှေ့ထွက်ပြီး သီးစုံဖျော်ရည်သွားသောက် ကြရအောင်”

ဟု ပြောရင်း အသီးအနှံစုံဖြင့် ဖျော်ထားသော ဖျော်ရည်ကိုမစိန်ပွင့်အား တိုက်လေ၏ ။ မစိန်ပွင့်သည် လူကြီးတိုက်သော ဖျော်ရည်ကို သောက်ပြီး အအီပြေသွားလေ၏ ။

ထိုနောက် မစိန်ပွင့်က

“ဒီနေ့ည ဦးလေးကျွေးတဲ့ အစားအစာတွေ ဟာ ကျွန်မတစ်သက်မှာ စားဖူးတဲ့အစား အစာ ထက် အများ ကြီး ပိုကောင်းတယ်၊ ဒီအစားအစားတွေ ကို နာမည် သာ ကြားဖူးပြီး၊ ဒီနေ့ထက်ထိ မစားဖူးခဲ့ပါဘူး၊ဦးလေးရဲ့ ကျေးဇူးကြောင့် ကျွန်မစားရတာ ပါ ဒါကြောင့် ဦးလေးကျေးဇူးကိုကျွန်မ ဘယ်တော့မှမမေ့ပါဘူး”

ဟု ပြောလေ၏ ။ ထိုအခါ လူကြီးက မစိန်ပွင့်ကလေး၏ ပခုံးကိုပုတ်၍

“ဟား ဟား ဒီလောက်လေး ကျွေးမွေးတာနဲ့ ကျေးဇူးတင်စရာ မလိုပါဘူးကွာ မင်း နောက်ဆိုရင် ငါ့ရဲ့ တဲလေးဆီကို ခဏခဏ လာလည်ပါ”

ဟု ဖိတ်ခေါ်လေ၏ ။ မစိန်ပွင့်ကလေးသည် ကလေးပီပီ

“ဦးလေးဆီကို ကျွန်မလာလို့ အစားကောင်းကောင်းစားရမယ်ဆိုရင် ကျွန်မ နေ့တိုင်း လာခဲ့ပါ့မယ်။”

ဟု ရယ်မောပြောဆိုလေ၏ ။ ထိုအခါ လူကြီးက တဟားဟား ရယ်မော၍ ..

“ဟား ဟား ဟား ငါ့ဆီကို လာလည်လို့ မင်းအတွက် အစားအသောက် မဆင်းရဲစေရပါ ဘူးကွာ၊ ဒါကြောင့် မကြာမကြာလာလည်ပါကွ”

ဟု ဖိတ်ခေါ်လေ၏ ။

*